စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စာအမှတ်----------------
ရက်စွဲ----------------
ငါးလုပ်ငန်းဦးစီးဌာန

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

စာအမှတ်၊ ငလ/နပတ-၆/၂၀၂၅ ( ၁၁၇၀ )
ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်

အကြောင်းအရာ။ **သွင်းကုန်လုပ်ငန်းရှင်ကုမ္ပဏီများမှ အကောက်ခွန်ဦးစီးဌာန၌ MACCS User Code နှင့် E-Token များလျှောက်ထားရန် အသိပေးအကြောင်းကြားခြင်း**

၁။ ငါးလုပ်ငန်းဦးစီးဌာနသည် ငါးလုပ်ငန်းရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိရာတွင် ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသော သွင်းအားစုများဖြစ်သည့်ငါး/ပုစွန်သားပေါက်အရှင်များ၊ အလှမွေးငါးအရှင်များ၊ ၎င်းတို့နှင့်ဆက်စပ်လျက်ရှိသောငါး/ပုစွန်အစာတောင့်၊ အလှမွေးငါးအစာများ၊ ငါးမွေးမြူရေးနှင့် ဆက်စပ်သော မွေးမြူရေးငါးအစာကုန်ကြမ်း၊ ငါး/ပုစွန်အစာများ၌ထည့်သွင်းအသုံးပြုသည့်ဗီတာမင်အားဆေးမှုန့်၊ ရေသတ္တဝါမွေးမြူရေးသုံးဆေးဝါးများအား Normal Trade နှင့် Border Trade များဖြင့် ပြည်ပမှတင်သွင်းရန်အတွက်ကုမ္ပဏီများမှတင်ပြလျှောက်ထားလာသည့်အခါ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ကုန်သွယ်ရေးဦးစီးဌာန၌ သွင်းကုန်လိုင်စင်လျှောက်ထားရန်အတွက် ငါးလုပ်ငန်းဦးစီးဌာနမှစိစစ်၍ ထောက်ခံချက်ပေးခြင်းတို့အား ပုံမှန်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၂။ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် (Trade Facilitation Agreement)လုပ်ငန်းစဉ်ပါအတိုင်း အီလက်ထရောနစ်စနစ်ဖြင့် လုပ်ငန်းများဆောင်ရွက်ရန်ဟူသော ရည်မှန်းချက်နှင့်အညီကုန်သွယ်မှုလုပ်ငန်းများတွင် လိုအပ်သောအချက်အလက်များကို အီလက်ထရောနစ်ဖြင့်ပေးပို့နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသဖြင့် တင်သွင်းလိုသောကုမ္ပဏီများအနေဖြင့် ၁၅-၁-၂၀၂၅ ရက်နေ့မှစ၍ အကောက်ခွန်ဦးစီးဌာနတွင် MACCS User Code နှင့် E-Token များအား အောက်ဖော်ပြပါစာရွက်စာတမ်းများဖြင့် ပူးတွဲလျှောက်ထားရန်လိုအပ်မည်ဖြစ်ပါသည်-

(က)Company Letter Head ဖြင့် ကတိခံဝန်ချက်လျှောက်လွှာ **UR – 4 Form** (maccs.usercode@gmail.com ⟶MACCS Registration ⟶ Form Download) တွင် Download လုပ်ပါ။

( ခ ) လျှောက်ထားသူများ၏မှတ်ပုံတင် (**မူရင်း**)

( ဂ ) IE Code (မူရင်း)

(ဃ) Application Form (**UR– 1**)

( င ) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် **မူရင်း (Colour ဖြင့်) + Company Extract ပါ တွဲပေးရန်**

( စ ) ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင်လက်မှတ် **မူရင်း (Colour ဖြင့်)**

**(UR Form များအား** maccs.usercode@gmail.com **တွင် ဝင်ရောက်၍** Download ပြုလုပ်နိုင်ပါသည်။)

၃။ ပြည်ပမှတင်သွင်းရန်အတွက် ထောက်ခံချက်ထုတ်ပေးခြင်းကို ငါးလုပ်ငန်းဦးစီးဌာနမှအဆင်ပြေချောမွေ့စွာအကောင်အထည်ဖော်နိုင်ရေးအတွက် သွင်းကုန်လုပ်ငန်းရှင်ကုမ္ပဏီများအနေဖြင့် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် အီလက်ထရောနစ်စနစ်အသုံးပြုဆောင်ရွက်နိုင်ရေးအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်နှင့်အခက်အခဲများရှိပါက အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ Help Desk Section ဖုန်းနံပါတ်(၀၁-၃၇၉၄၂၉) သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

၁၇/၂/၂၀၂၅

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)
ဒေါက်တာအောင်နိုင်ဦး၊ ညွှန်ကြားရေးမှူး

ဖြန့်ဝေခြင်း
________________ ကုမ္ပဏီ

မိတ္တူကို
- ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပုစွန်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်း
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံငါး/ပုစွန်အစာထုတ်လုပ်ရောင်းဝယ်သူများအသင်း
- ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအလှမွေးငါးလုပ်ငန်းရှင်များအသင်း
- ရုံးလက်ခံ
- မျှော

**အကောက်ခွန်ဦးစီးဌာန၊ MACCS ဌာနခွဲ၏ ကြေညာချက်အမှတ် ( ၀၀၂ / ၂၀၂၅ )**

ရက်စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

**ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့သို့ တင်သွင်းခွင့် ထောက်ခံချက် လျှောက်ထားသူများ သိရှိနိုင်ပါရန်**

၁။ အကောက်ခွန်ဦးစီးဌာနသည် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးအတွက် ငါးလုပ်ငန်းဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့၏ Manual နည်းလမ်းဖြင့်ဆောင်ရွက်နေသည့် တင်သွင်းခွင့်ထောက်ခံချက် ထုတ်ပေးခြင်းလုပ်ငန်းများကို MACCS စနစ်ဖြင့် ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆွေးနွေး၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ ပါသည်။

၂။ သို့ဖြစ်ပါ၍ လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်အတွက်လိုအပ်သော ငါးလုပ်ငန်း ဦးစီးဌာနနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနတို့၏ တင်သွင်းခွင့်ထောက်ခံချက် (Import Recommendation – IR) များကို ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှစ၍ MACCS စနစ်ကို အသုံးပြုလျှောက်ထားနိုင်ပြီဖြစ်ပါကြောင်းနှင့် အခက်အခဲများရှိပါက Help Desk Section ဖုန်းနံပါတ် (၀၁-၃၇၉၄၂၉) သို့ ဆက်သွယ် မေးမြန်းနိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**